City names 2022 the Year of Edith Stein to mark 100 years since her baptism

(၂၀၂၂) သည် Edith Stein ၏ဆေးကြောခြင်းခံယူခဲ့သည့် နှစ် (၁၀၀) ပြည့်နှစ်ပတ်လည်

Edith Stein သည် အဘယ်သူနည်း။ယခုနှစ်သည် သူ ကက်သလစ်ဘာသာဝင်တစ်ဦးအဖြစ် ဆေးကြောခြင်း မင်္ဂလာခံယူခဲ့သည်မှာ နှစ်(၁၀၀) ပြည့်ပြီဖြစ်သည်။ သူသည် အမျိုးသမီးဒဿနပညာရှင်ဖြစ်သည်။အစောပိုင်း၌ ကက် သလစ်ဘာတူမဟုတ်ခဲ့သော်လည်း နောက်ပိုင်း၌ ဆေးကြောခြင်းမင်္ဂလာခံယူပြီး၊ ရဟန္တာပင်ဖြစ်လာခဲ့သည်။ ထို့ ကြောင့် သူ၏ဇာတိမြို့က ယခုနှစ်ကို ' (၂၀၂၂) ကို Edith Stein ၏နှစ်' ဟုသတ်မှတ်ဂုဏ်ပြုလိုက်သည်။ သူသည် ဂျူး အမျိုးသမီးတစ်ဦးဖြစ်ပြီး၊ Auschwitz ၌တရားတော်အတွက် ကွပ်မျက်ခံခဲ့ရသည်။ Auschwitz သည် နာဇီဂျာမဏီ တို့မှလူပေါင်း တစ်သန်းခွဲကိုနည်းလမ်းပေါင်းစုံဖြင့်သတ်ဖြတ်ခဲ့သောနေရာဖြစ်သည်။သတ်ဖြတ်ခံရ သူ၏ (၉၀) ရာခိုင် နှုန်းမှာဂျူးလူမျိုးများဖြစ်သည်။၎င်းတို့အထဲတွင် Edith Stein လည်းတစ်ဦးပါသွားခဲ့သည်။ ယခုနှစ်ကို သူ၏နှစ်အဖြစ် သတ်မှတ်ဂုဏ်ပြုပြီး၊သူ၏ဘဝနှင့်ကောင်းမွေများကိုပြန်လည် အမှတ်ရဖော်ထုတ် သွားမည်ဖြစ်သည်။

Edith Stein အား (၁၈၉၁) နှစ်၊ ယနေ့ Wrocław ဟုခေါ်သော ပိုလန်နိုင်ငံ၏တောင်ပိုင်းတွင် ဂျူးမိသားစုတစ် စုမှမွေးဖွားခဲ့သည်။ထိုခေတ်အခါက၊သူ၏မွေးရပ်မြို့ကို Breslau ဟုခေါ် ပြီး၊ ဂျာမန်တို့၏ပိုင်နက်ထဲတွင် ကျရောက်နေခဲ့သည့်အချိန်ဖြစ်သည်။သူသည် အသက် (၂၀) အရွယ်အထိ ဘုရားကိုမယုံကြည်သူ၊ ဘာသာမဲ့အဖြစ် ရှင်သန်ခဲ့သည်။ ပညာရေးကိုမှုလိုက်စားသူဖြစ်ပြီး၊ ဒဿနာဘာသာရပ်၌ သူသည် ပါဂူဘွဲ့ကိုရခဲ့သည်။ နောက်ပိုင်း၌ ကက်သလစ်ဘာသာဝင်တစ်ဦးအဖြစ်ခံယူရန် ဆုံးဖြတ်ခဲ့သည်။ထိုစိတ်ကိုအဘယ်ကရခဲ့သနည်းဟုမူ(၁၆) ရာစုမှ ကာမဲလိုက် စစ္စတာရ်တစ်ပါးဖြစ်သော အဗီးလာမြို့မှစိန့်ထရေးဇာ၏အကြောင်းကို (၁၉၂၁) သူငယ်ချင်း တစ်ဦး၏ အိမ်၌တည်းခို နေစဉ်ဖတ်မိလိုက်သည်။ ထိုစာအုပ်ကိုဖတ်ရှုအပြီး သူကိုယ်သူပြောလိုက်သည်မှာ 'ဤသည်ကား အမှန်တရားပေ တည်း' ဟုဖြစ်ကြောင်း နောက်ပိုင်း၌သူ၏ယုံကြည်ခြင်းခရီးနှင့်ပတ်သက်၍ ကိုယ်တိုင်ရေးသား သောဘဝအတ်ထုပ်ပတိ၌ပြန်ပြောခဲ့သည်။သို့ဖြင့်(၁၉၂၂၊ဇန်နဝါရီလ ၁)ရက်နေ့၌ဆေးကြော ခြင်းမင်္ဂလာ ကိုခံယူ ခဲ့သည်။ ထိုစဉ်က သူသည် သက်တော် (၃၀)ပြည့်ပြီဖြစ်သည်။ ဆေးကြောခြင်း အမည်ကို လည်း ကားတိုင်တော်၏ ထရေးဇာဘက်နက်ဒစ်တာဟု ခံယူခဲ့သည်။ ဆေးကြောခြင်းခံယူအပြီး (၁၂) အကြာမှ ကာမဲလိုက်သီလရှင်ဖြစ်ရန် ခြေလှမ်းများကိုစခဲ့သည်။

Edith Stein အားဂုဏ်ပြုသောနှစ်အဖြစ် Wrocław မှအကူဆရာတော် Jacek Kiciński က ယခုလ (၉) ရက်နေ့ တွင် ဆေးဖူးသခင်ဆေးကြောခြင်းမင်္ဂလာခံယူသည့်ပွဲနေ့တနင်္ဂနွေ၌သူလာရောက်ဆုတောင်းလေ့ရှိသောသာသနာ အုပ်စု၌ ဖွင့်လှစ်ပေးခဲ့သည်။သူသည်ယေဖူးသခင်၏ပါစကားနက်နဲရာဖြစ်သော ဒုက္ခခံခြင်း၊ သေခြင်းနှင့်ရှင်ပြန် ထမြောက်တော်မူခြင်းအသက်တာကိုနက်ရှိုင်းစွာထောက်ရှုရှင်သန်သူဖြစ်ခဲ့သောကြောင့်ကားတိုင်တော်၏ ထရေးဇာဘက်နက်ဒစ်တားဟူသည့်အမည်ကိုမြတ်နိုးစွာခံယူခဲ့သည်။ထို့အတူကျင့်ကြံရှင်သန်ခဲ့သည်။

ဆေးကြောခြင်းခံယူချိန်ကလည်းအသက်အရွယ်ရနေပြီဖြစ်၍ဆေးကြောခြင်းခံယူရမှထွက်လာသောအခါ ခမည်းတော်၏ဗျာဒိတ်တော်ဖြစ်သည့်'ဤသူသည်ငါနှစ်သက်မြတ်နိုးရာငါ၏ချစ်သားပေတည်း။သူ့ကိုနား ထောင်ကြလော့ဟူသောစကားကို ပြင်းထန်မှန်ကန်သောခံယူချက်ဖြင့် နှလုံးထဲသိုပိုက်ခဲ့သည်။သူသည်သီလရှင် ကျောင်း၌ရှိနေစဉ်၌ပင်စစ္စတာရ်ရိုဇာဟုခေါ်သောအခြားစစ္စတာရ်တစ်ပါးနှင့်ဖမ်းဆီးခံလိုက်ရသည်။ စစ္စတာရ်ရိုဇာသည်လည်း နောက်မှကက်သလစ်ဖြစ် လာသောစစ္စတာရ်ဖြစ်သည်။ ဖမ်းဆီးခံရချိန်၌ Stein သည် ကားတိုင်တော်၏စိန့်ဂျွန်ရေးသားသော 'The Science of the Cross' (သိပ္ပံနည်းကျသောကားတိုင်တော်) အမည် ပေးထားသည့်စာအုပ်ကိုဖတ်ရှုပြီးရုံသာရှိသေးသည်။

သူသည် (၁၉၄၂၊ ဩဂုတ်လ ၉) ရက်နေ့၌ Auschwitz လူသတ်စခန်း၌ သတ်ဖြတ်ခံခဲ့ရသည်။ သူ့အား စိန့် ဂျွန်ပေါလ် (၂) က (၁၉၉၈) တွင် ရဟန္တာအဖြစ်တင်မြှောက်ခဲ့ပြီး၊ တစ်နှစ်အကြာ၌ သူ့အား ဥရောပတိုက်အားတွဲဖက် မှိုင်းမသောရဟန္တာအဖြစ်ဂုဏ်ပြုပေးခဲ့သည်။သူ၏နှစ်ကိုဂုဏ်ပြုသောအားဖြင့်သူ့ဇာတိမြို့၏အာဏာပိုင်များက သူ၏အိမ်ကိုလည်းပြခန်းအဖြစ်စီစဉ်ပြသထားမည်ဖြစ်သည်။ယခုအခါEdith Stein ၏မိသားစုအိမ်အား ဘာသာ ပေါင်းစုံ ဆွေးနွေးနှီးနှောရာဗဟိုအဖြစ်သတ်မှတ်ထားပါသည်။